# Second Sunday of Lent

## 1st READING: *Genesis 12: 1-4*

ကမ္ဘာဦးကျမ်း။ ၁၂း ၁–၄

ထာဝရဘုရားသည်လည်းအာဗြံကိုခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွအမျိုးသားချင်းပေါင်းဘော်များထဲက
ထွက်ပြီးလျှင်၊ ငါပြလတံ့သောပြည်သို့သွားလော့။ ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍
သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည်ကောင်းကြီးခံရသောသူဖြစ်လိမ့်မည်။ သင့်ကိုကောင်းကြီးပေးသော
သူကိုငါကောင်းကြီးပေးမည်။ သင့်ကိုကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့
သည်ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်ဟုမိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊
အာဗြံထွက်သွား၍လောတလည်းလိုက်လေ၏။

**Responsorial Psalm  Psalm  33: 4-5, 18-19, 20, 22**
ဆာလံကျမ်း    ၃၃း ၄–၅၊ ၁၈–၁၉၊ ၂၀၊ ၂၂

၄–၅။ အကြောင်းမူကား၊ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်မှန်ကန်ဖြောင့်မတ်ပေ၏။ ကိုယ်တော်
ဆောင်ရွက်တော်မူသမျှတို့သည်သစ္စာတရားနှင့်လျော်ညီကြ၏။ ထာဝရဘုရားသည် တရားမျှတမှုနှင့်
ဖြောင့်မတ်မှန်ကန်မှုတို့ကိုနှစ်သက်မြတ်နိုးတော်မူ၏။ ကမ္ဘာမြေကြီးသည်ထာဝရဘုရား၏ ခိုင်မြဲသော
မေတ္တာတော်နှင့်ပြည့်ဝလျက်ရှိ၏။

၁၈–၁၉။ သို့သော်ထာဝရဘုရားသည်မိမိအားကြောက်ရွံ့သောသူအပေါင်းတို့နှင့်ခိုင်မြဲသောမေတ္တာတော်
ကိုမျှော်လင့်ကိုးစားသောသူအပေါင်းတို့အားသေဘေးမှကင်းလွတ်စေပြီး၊အစာခေါင်းပါးသည့်ကာလ၌အ
သက်ရှင်စေရန်ကြည့်ရှုလျက်ရှိတော်မူ၏။

၂၀။ ငါတို့သည်ထာဝရဘုရားကိုမျှော်လင့်ကိုးစားပါ၏။ကိုယ်တော်သည်ငါ့တို့အားကူညီမစသူ၊အကာ
အကွယ်ပေးသူဖြစ်တော်မူ၏။

၂၂။ အိုထာဝရဘုရား၊ တပည့်တော်တို့သည်ကိုယ်တော်ကို မျှော်လင့်ကိုးစားကြသည်နှင့်အညီကိုယ်တော်
၏ခိုင်မြဲသောမေတ္တာတော်ကိုတပည့်တော်တို့အပေါ်သက်ရောက်စေတော်မူပါ။

**2nd READING: 2 Timothy 1:8b-10**

တိမောသေဦးထံ ပေါလုရေးသော ဒုတိယစာစောင် **၁း ၈–၁၀**

သို့ဖြစ်၍ ငါတို့ သခင်ဘုရား၏အကြောင်းကိုသက်သေခံရန် မရှက် နှင့်။ ခရစ်တော်အတွက် အကျဉ်း
သားဖြစ်သူ ငါ၏ အတွက်လည်း မရှက်နှင့် ဘုရားသခင်ထံမှခွန်အား ရရှိသည့်အတိုင်း သတင်းကောင်းအ
တွက် ငါနှင့် အတူ ဒုက္ခခံလော့။ ဘုရားသခင်သည် ငါတို့အား ကယ်တင်တော်မူ၍မိမိ၏လူမျိုးတော်အဖြစ်
ရွေး ကောက်တော်မူသည်မှာ ငါတို့ပြုလုပ်ခဲ့သည့်ကောင်း မှုတစ်စုံတစ်ရာကြောင့်မဟုတ်၊ကိုယ် တော်၏
အကြံ အစည်တော်နှင့် ကျေးဇူးတော်ကြောင့်ဖြစ်ပေသည်။ ကိုယ်တော်သည် ကမ္ဘာမတည်မီကာလကပင်
ခရစ် တော်ယေရှုအားဖြင့် ငါတို့အား ထိုကျေးဇူးတော်ကို ချပေးတော်မူ၏။

သို့ရာတွင်ယခုကယ်တင်ရှင်ခရစ် တော်ယေရှုကြွလာတော်မူခြင်းအားဖြင့် ထိုကျေးဇူး တော်သည် ပေါ်လွင်
ထင်ရှားလာလေပြီ။ ကိုယ် တော်သည် သေခြင်းတရားကို နိဂုံးချုပ်တော်မူပြီး သျှင် တင်းကောင်းအားဖြင့်
သခ်ါရကင်းခြင်း တရားကို ပေါ်လွင်ထင်ရှားစေတော်မူသည်။

## GOSPEL: *Matthew 17:1-9*

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၁၇း၁–၉

ခြောက်ရက်လွန်သောအခါသခင်ယေရှုသည်ပေတရုယာကုပ်နှင့်သူ၏ညီယောဟန်တို့ကိုမြင့်သောတောင်ပေါ်သို့ခေါ်သွားတော်မူ၏။ ကိုယ်တော်သည်သူတို့ရှေ့တွင်အဆင်းသဏ္ဌာန်ပြောင်းလဲတော်မူ၏။ မျက်နှာတော်သည်နေကဲ့သို့ထွန်းတောက်၍အဝတ်တော်သည်အလင်းရောင်ကဲ့သို့ ဖြူနေ၏။ ထိုခဏ၌ မိုးဇက်နှင့်ဧလိယတို့သည်သူတို့ရှေ့မှာပေါ်လာ၍ကိုယ်တော်နှင့်စကားပြောနေကြ၏။ ထို့ကြောင့်ပေတရုကသခင်ဘုရား၊ ဤအရပ်သည်အလွန်နေချင်စဖွယ်ကောင်းပါ၏။ ကိုယ်တော်အလိုတော်ရှိလျှင်၊ ကိုယ်တော်အတွက်တဲတစ်ဆောင် မိုးဇက်အတွက်တဲတစ်ဆောင်၊ဧလိယအတွက်တဲတစ်ဆောင်တပည့်တော်ဆောက်လုပ်ပါမည်ဟုယေရှုအားလျှောက်လေ၏။ ဤသို့လျှောက်ထားစဉ်တွင်ထွန်းလင်းသောမိုးတိမ်သည်သူတို့ကိုဖုံးလွှမ်း၍မိုးတိမ်ထဲမှအသံသည်ကားဤသူသည်ငါအလွန်နှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ့ကိုနားထောင်ကြလော့ဟုဆို၏။ထိုအသံကိုတပည့် တော်တို့ကြားသောအခါ အလွန်ကြောက်ရွံ့သဖြင့်မြေ ပေါ်တွင် မျက်နှာအပ်လျက် ပျပ်ဝပ်နေကြ၏။ သခင်ယေရှုသည်ချဉ်းကပ်တော်မူ၍သူ တို့အားလက်တော်ဖြင့် တို့ထိတော်မူလျက် ထကြလော့။ မကြောက်ကြနှင့်ဟုမိန့်တော်မူ၏။သူတို့သည်မော်၍ကြည့်ကြသောအခါ သခင်ယေရှုမှတစ်ပါးမည်သူ ကိုမျှမမြင်ကြရတော့ချေ။ တောင်ပေါ်မှဆင်းလာကြသောအခါ သခင်ယေရှုက လူသားသည်သေခြင်းမှ ထမြောက်သည့်တိုင်အောင်ဤရူပါရုံကိုမည်သူအားမျှမပြောကြနှင့်ဟု တပည့်တော်တို့အားတားမြစ်တော်မူ၏။